- မိမိ ပတ်ဝန်းကျင်တွင် အများဆုံးတွေ့မြင်ရသော အိမ်ပုံကို ရေးဆွဲပါစေ။
- ကလေးများဆွဲထားသော အိမ်ပုံတွင် ကလေးအမည်ရေးပြီး ဆရာက သိမ်းထားပါ။

(သောကြာနေ့လုပ်ငန်းစဉ်တွင် ပြန်လည်အသုံးပြုရန်ဖြစ်သည်။)

**သောကြာ**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဟ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဟ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဟ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၁၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်း(၃၃)လုံးကိုအသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်း(၃၃)လုံးကို အသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်း(၃၃)လုံး၏အသံနှင့်အမည်များရွတ်ဆိုခြင်း နည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"P"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"P"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"P"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"P"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်များ၏တူညီမှု၊ မတူညီမှုများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၂) ။ ။**ဘာတွေတူသလဲ၊ မတူဘူးလဲပြောခြင်း (မိနစ် ၂၀)**

- မတူညီသော ကလေးနှစ်ယောက်ကို တစ်တွဲတွဲပေးပါ။ (အရပ်ပုသူနှင့်ရှည်သူ၊ ပိန်သူနှင့် ဝသူ၊ ဆံပင်တိုသူနှင့် ဆံပင်ရှည်သူ၊ ...... စသည်ဖြင့်)
- ဆရာက သိမ်းထားသောအိမ်ပုံများကိုသက်ဆိုင်ရာကလေးထံသို့ပြန်ပေးပါ။
- ဆရာက အိမ်တွင်ပါဝင်သော အမိုး၊ အကာ၊ ကြမ်းခင်းများကို ပြောပါ။ (ဥပမာ- မင်းတို့ဆွဲထားတဲ့အိမ်မှာ အမိုးပါသလား... စသည်ဖြင့်)
- အတွဲအချင်းချင်း ဆွဲထားသောအများဆုံးတွေ့ရသည့် အိမ်အမျိုးအစားတွင် အမိုး၊ အကာ၊ ကြမ်းခင်းများ ပါ/မပါ နှိုင်းယှဉ်ကြည့်ပါစေ။

**တူညီသောအိမ်ပုံနှစ်ခုမှကွဲပြားချက်ကိုရှာဖွေခြင်း (၁၀ မိနစ်)**

- တူညီသောအိမ်ပုံနှစ်ခုကို ဆရာက သင်ပုန်းတွင်ကပ်ထားပါ။
- တူညီသော အိမ်ပုံနှစ်ခုရှိ ကွဲပြားချက်(၅)ခုကို ကလေးအားလုံး ရှာဖွေပါစေ။
- ရှာဖွေတွေ့ရှိချက်ကိုပြောပါစေ။
- (မိမိတို့အိမ်တွင် ပါဝင်သော အရာများ၊ အစိတ်အပိုင်းများကို လေ့လာမှတ်သားခဲ့ရန် မှာပါ။)



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်များတွင် အမိုး၊ အကာ၊ ကြမ်းခင်းများ တူညီစွာ ပါဝင်ကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။အိမ်ပုံများမှတူညီသောအစိတ်အပိုင်းများကိုပြောခြင်း (မိနစ် ၃၀)**

- **အိမ်ပုံများကို လေ့လာပါစေ။**
- အမိုး၊ အကာ၊ ကြမ်းခင်းများ တူညီစွာပါဝင်ကြောင်း ဆရာကပြောပါ။
- မိမိတို့နေထိုင်သော အိမ်တွင်လည်း ပါဝင်မှု ရှိ/မရှိပြောပါစေ။
- မိမိပတ်ဝန်းကျင်ရှိ မြင်တွေ့ဖူးသော အိမ်များတွင် အမိုး၊ အကာ၊ ကြမ်းခင်းများ ပါ/မပါ ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝက်သုံးကောင်" ပုံပြင်ပါဇာတ်လမ်းအတိုင်း သရုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်။ **။ဝက်သုံးကောင်ပုံပြင်ပါဇာတ်လမ်းအတိုင်းသရုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ကလေးများအား "ဝက်သုံးကောင်" ပုံပြင်ပါဇာတ်လမ်းအတိုင်း သရုပ်ဆောင်ရမည် ဖြစ်ကြောင်းပြောပါ။
- သရုပ်ဆောင်ရန်ဆန္ဒရှိသည့် ကလေးအား သရုပ်ဆောင်လိုသော ဇာတ်ကွက်ကို ပြောပါစေ။
- ထိုဇာတ်ကွက်အတိုင်း စိတ်ကြိုက်သရုပ်ဆောင်ပါစေ။
- အချိန်ပေါ်မူတည်၍ ကျန်ကလေးများအား အလှည့်ကျသရုပ်ဆောင်ပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုခန့်မှန်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။နှစ်သက်ရာ(ပုံပြင်)ပါရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်များပြောစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်များပြောစေခြင်းနည်း အတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ယ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။"ယ"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးစေခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းအက္ခရာရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"P" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"P" အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အက္ခရာများ ကိုဆက်ဆွဲ၍ ပုံဖော်ခြင်း (၁၅ မိနစ်)**

- ယခင် သင်ကြားပြီးသည့် အက္ခရာများကို ဆက်ဆွဲ၍ ပုံဖော်နည်းအတိုင်း ပြုလုပ်ပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်အားလုံးတွင်အမိုး၊ အကာ၊ ကြမ်းခင်းတို့ရှိရန် လိုအပ်ကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အိမ်ပုံကိုကြည့်၍ပြောခြင်း (မိနစ် ၃၀)**

**အိမ်ပုံတစ်ခုကိုပြ၍**

**အမိုးမရှိရင်. . .**

**အကာမရှိရင်. . .**

**ကြမ်းခင်းမရှိရင်. . .**

ဘာဖြစ်မလဲ. . . စသည်ဖြင့်မေးပါ။

- ဆရာကအိမ်တိုင်းတွင် အမိုး၊ အကာ၊ ကြမ်းခင်းတို့ရှိရမည်ဖြစ်ကြောင်း ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နေ့ဘက်တွင် ပြုလုပ်လေ့ရှိသော အလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**နေ့ဘက်တွင်ပြုလုပ်သောအလုပ်များကိုပြောပြခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား နှစ်ယောက်တစ်တွဲစီ တွဲပေးပါ။
- အိမ်၌နေ့ဘက်တွင်လုပ်လေ့ရှိသောအလုပ်များကို အချင်းချင်း တစ်လှည့်စီပြောပါစေ။ (ကျောင်းဝတ်စုံလဲတယ်၊ ကျောင်းသွားတယ်၊ . . . စသည်ဖြင့်)
- အချင်းချင်းပြောပြီးပါက အတန်းသို့ တင်ပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိနေလိုသော အိမ်ပုံရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**မိမိနေလိုသောအိမ်ပုံ စိတ်ကြိုက်ရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိတို့နေထိုင်လိုသောအိမ်ပုံကို ရေးဆွဲဖော်ပြရမည်ဖြစ်ကြောင်းပြောပါ။
- ၎င်းနောက် စာရွက်ဖြူနှင့် ရောင်စုံဖယောင်းများပေး၍ စိတ်ကြိုက်ပုံဆွဲပါစေ။
- ဆရာက လှည့်လည်ကြည့်ရှုပါ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။အသံတူရှာတတ်သည့် စွမ်းရည်တိုးတက်စေရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာတူဝေါဟာရများ ဖော်ထုတ်ကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- ကလေးတစ်ဦးအား သူ၏အမည်ကို ပြောပြရန်မေးပါ။
- ကလေး၏အမည်ကို သင်ပုန်းပေါ်ရေးပြပါ။ ရှေ့ဆုံးအက္ခရာကို သိသာအောင် အောက်ဘက်မှ မျဉ်းသားပါ။
- ပထမအက္ခရာနှင့်စသောစကားလုံးတွေ ကလေးတို့ သိသလောက် ပြောနိုင်သလောက် စဉ်းစားခိုင်းပါ။ ကလေးတို့ ပြောသော စာလုံးများကို ဆရာက သင်ပုန်းပေါ်တွင်ရေးပါ။
- ရေးထားသော စာလုံးများကို ကလေးများနှင့်အတူ ဖတ်ရှုလေ့လာပါ။ ကလေးများက စာလုံးများကို မဖတ်နိုင်ပါ။ သို့သော် ထိပ်ဆုံးအက္ခရာကိုတော့ ကလေးများ သိပါသည်။
- အသံအချင်းချင်း ဆရာက နှိုင်းယှဉ်ပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဟ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဟ"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးစေခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအက္ခရာရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"R"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ "R"**အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"R"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "R"**အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်သည်လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အိမ်ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဆရာနှင့်ကလေးများအောက်ပါကဗျာကိုရွတ်ဆိုပါ။

**အိမ်**

(အိမ်)၃ . . . သားသား/မီးမီးတို့ရဲ့ အိမ်

(အိမ်)၃ . . . ပျော်ရွှင်ရတဲ့ အိမ်

(အိမ်)၃ . . . သားသား/မီးမီးတို့ရဲ့ အိမ်

တို့အိမ်ကလေးဟာလေ နွေးထွေးလှပေါ့လေ။

**အိမ်ပုံများလေ့လာ၍ ဆွေးနွေးခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်ရှိအိမ်ပုံများကို လေ့လာပါစေ။
- အောက်ပါ နမူနာမေးခွန်းမျိုးမေး၍ ဆွေးနွေးပါ။ (အိမ်က လူတွေအတွက် လိုအပ်သလား။ ဘာကြောင့် လိုအပ်တယ်လို့ထင်သလဲ။ . . . စသည်ဖြင့်)
- ဆရာက အိမ်သည် လူတို့အတွက် မရှိမဖြစ်လိုအပ်ကြောင်းပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မီး၊ လျှပ်စစ်မီးနှင့် ပတ်သက်သည့် အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အပြုအမူများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**မီး၊ လျှပ်စစ်မီးကစားခြင်းဆိုင်ရာရုပ်ပုံများကိုလေ့လာခြင်း (မိနစ် ၃၀)**

- မီး၊ လျှပ်စစ်မီးဖြင့် ကစားခြင်းဆိုင်ရာ ရုပ်ပုံများကို တစ်ပုံချင်းပြ၍ လေ့လာစေပြီး အောက်ပါ မေးခွန်းများဖြင့် ဆွေးနွေးပါ။
- (ဘာလုပ်နေတာလဲ၊ အဲဒီလိုလုပ်ရင် ဘာဆက်ဖြစ်နိုင်လဲ၊. . . စသည်ဖြင့် ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို ပြောပါစေ။)

(မှတ်ချက်။ ။ကလေးမီးဆော့နေသောပုံ၊ မီးခြစ်ခြစ်နေပုံ၊ လျှပ်စစ်မီးပလပ်ပေါက်အတွင်းသို့ လက် (သို့မဟုတ်) ပစ္စည်းတစ်ခုခုထည့်နေပုံ၊ လျှပ်စစ်မီးကြိုးကို ကလေးကပါးစပ်အတွင်း ထည့်နေပုံ၊ . . . စသည်ဖြင့် မီး၊ လျှပ်စစ်မီးဖြင့် ကစားခြင်းဆိုင်ရာ ရုပ်ပုံများကို ဆရာက ကြိုတင်စုဆောင်းထားပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ရောင်စုံစက္ကူများသုံး၍ အိမ်ပုံစံဖော်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ရောင်စုံစက္ကူများဖြင့် အိမ်ပုံစံဖော်၍ ဖြတ်၊ ညှပ်၊ ကပ်ခြင်း (မိနစ် ၃၀)**

- ကလေးဦးရေပေါ် မူတည်၍ အုပ်စုဖွဲ့ပါ။
- အုပ်စုတစ်စုလျှင် စက္ကူဖြူ တစ်ရွက်နှင့် ရောင်စုံစက္ကူများပေးပါ။



DBE BOX

- ရောင်စုံစက္ကူများကိုလိုအပ်သလိုဖြတ်၍ စက္ကူဖြူပေါ်တွင်အိမ်ပုံစံဖော်၍ကပ်ပါစေ။
(ဥပမာ-အမိုး၊ အကာ၊ ကြမ်းခင်းပုံများ ဖြတ်၍)

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"စ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"စ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

ယခင်သင်ကြားပြီးသောဗျည်းကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ" ဗျည်းကို အရစ်အဆွဲမှန်စွာရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"စ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအက္ခရာရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ညောင်ဝေါင် ညောင်ဝေါင်"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"R" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "R"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း** (မိနစ် ၃၀)

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ **။ အက္ခရာများကိုဆက်ဆွဲ၍ ပုံဖော်ခြင်း (၁၅ မိနစ်)**

- ယခင် သင်ကြားပြီးသည့် အက္ခရာများကို ဆက်ဆွဲ၍ ပုံဖော်နည်းအတိုင်း ပြုလုပ် ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်တွင် မီး၊ လျှပ်စစ်မီးနှင့် ပတ်သက်သည့် အန္တရာယ်များ ကြုံတွေ့ပါက မည်သို့ ပြုလုပ်ရမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။မီး၊ လျှပ်စစ်မီးနှင့် ပတ်သက်သည့်အန္တရာယ်များကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- အိမ်တွင်မီး၊လျှပ်စစ်မီးအန္တရာယ်များကြုံတွေ့ပါကမည်သို့ပြုလုပ်မည်ကိုပြောပါစေ။
- ကလေးများအလွယ်အကူပြောနိုင်စေရန်ဆရာကအောက်ပါနမူနာမေးခွန်းများမေးပါ။
- ဥပမာ- လူကြီးများကို ပြောမလား၊ မပြောဘူးလား။
- ပတ်ဝန်းကျင်ကိုအကူအညီတောင်းသင့်သလား။
- ဘယ်နေရာတွေကိုအကူအညီတောင်းမလဲ။
- ဘယ်လိုအကူအညီတောင်းမလဲ။
- ဆရာက မီး၊ လျှပ်စစ်မီးနှင့် ပတ်သက်သည့် အန္တရာယ်များ ကြုံတွေ့ပါက လူကြီး၊ မိဘများအား အသိပေးရမည်ဖြစ်ကြောင်းပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိအိမ်ကောင်းအောင်ပြုလုပ်ရမည့်အလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။တို့တာဝန်ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

**"တို့တာဝန်"**

သည်အိမ်ဘယ်သူ့အိမ်
တို့အိမ်။
တို့အိမ်ကောင်းအောင်ဘယ်သူပြု
ငါတို့မိသားစု။

**အလုပ်တာဝန်များကိုဆွေးနွေးခြင်း (၁၅ မိနစ်)**

- မိမိအိမ်လေးကောင်းအောင် ဘယ်သူတွေ လုပ်ကြရမလဲ။
- ဒါဆိုဘာတွေလုပ်ကြရမလဲ။

(ဥပမာ-အိမ်နှင့်အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းရေးမှန်မှန်လုပ်ရ/အမှိုက်ကိုအမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရ/အိမ်နံရံမှာ မရေးခြစ်ရ/မီးမကစားရ/. . . စသည်ဖြင့်)

အသေးစိတ်သင်ယူမှုရလဒ်။ ။**အိမ်ကဗျာကို အမူအရာအမျိုးမျိုးဖြင့်သီဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။**"အိမ်"ကဗျာကို အမူအရာဖြင့်သီဆိုခြင်း (မိနစ် ၃၀)**

- "အိမ်" ကဗျာကို သီဆိုပြပါ။
- ကလေးများအားလိုက်ဆိုပါစေ။
- ဆရာက "အိမ်"ကဗျာကို အမူအရာဖြင့် သီဆိုပါစေ။
- ကလေးများအား နှစ်သက်ရာ အမူအရာဖြင့် သီဆိုပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဓ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဓ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဓ" ဗျည်းကို အရစ်အဆွဲမှန်စွာရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဓ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအက္ခရာ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ညောင်ဝေါင် ညောင်ဝေါင်"ကဗျာရွတ်ဆိုစေခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ Uအက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **Uအက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"U'' အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"U''အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်းသင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်သည်ပျော်စရာကောင်းသောနေရာတစ်ခုဖြစ်ကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အိမ်ကဗျာရွတ်ခြင်း (၁၀ မိနစ်)**

**အိမ်**

(အိမ်)၇ . . . သားသား/မီးမီးတို့ရဲ့ အိမ်
(အိမ်)၇ . . . ပျော်ရွှင်ရတဲ့ အိမ်
(အိမ်)၇ . . . သားသား/မီးမီးတို့ရဲ့ အိမ်
တို့အိမ်ကလေးဟာလေ နွေးထွေးလှပေါ့လေ။

**အိမ်တွင်ပြုလုပ်သောအလုပ်များကိုဆွေးနွေးခြင်း (မိနစ် ၂၀)**

- အိမ်တွင် မိမိတို့ကူညီလုပ်ကိုင်ပေးသောအလုပ်များကိုပြောပါစေ။
- အိမ်တွင်မိသားစုလိုက်ပျော်ရွှင်စွာပြုလုပ်လေ့ရှိသောအလုပ်များကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ညဘက်တွင် ပြုလုပ်လေ့ရှိသော အလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ညဘက်တွင်ပြုလုပ်သောအလုပ်များကိုပြောပြခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား နှစ်ယောက်တစ်တွဲစီ တွဲပေးပါ။
- အိမ်၌ညဘက်တွင် ပြုလုပ်လေ့ရှိသောအလုပ်များကို အချင်းချင်း တစ်လှည့်စီ ပြောပါစေ။ (ပြတင်းတံခါးများပိတ်ခြင်း၊ မီးထွန်းခြင်း၊ မီးဖွင့်ခြင်း၊ တီဗွီကြည့်ခြင်း၊ စာကြည့်ခြင်း၊ ပုံပြင်နားထောင်ခြင်း၊ . . . စသည်ဖြင့်)
- အချင်းချင်းပြောပြီးပါက အတန်းသို့ တင်ပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တည်ဆောက်ပစ္စည်းများသုံး၍ အိမ်ပုံစံတည်ဆောက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**တည်ဆောက်ပစ္စည်းများသုံး၍အိမ်ပုံစံတည်ဆောက်ခြင်း (မိနစ် ၃၀)**

- ဆရာက မိမိပတ်ဝန်းကျင်တွင် ရရှိနိုင်သော ပစ္စည်းများ (ရေသန့်ဘူးခွံ၊ စက္ကူဘူးခွံများ၊ သဲ၊ ရွှံ့၊ ဂျုံ . . . စသည်ဖြင့်)ကို ကြိုတင်ပြင်ဆင်ထားပါ။ ( KG Kit တွင် ပါဝင်သော တည်ဆောက်ပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်။)
- ကလေးဦးရေပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။
- တည်ဆောက်ပစ္စည်းများကိုသုံး၍ အုပ်စုတစ်စုလျှင် အိမ်တစ်လုံးကျ တည်ဆောက်ပါစေ။
- တည်ဆောက်ပြီးပါက အုပ်စုလိုက် မိမိတို့တည်ဆောက်ထားသော "အိမ်"အကြောင်း အလှည့်ကျ ပြောပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ကျောင်းနေစ"ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာပုံပြင်ကို ဆရာကပြောခြင်း (၂၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးခြင်း(၂၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"U"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "U"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ဆေးခြယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကို ဆေးခြယ်ခြင်းနည်းအတိုင်း ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်တွင်ပြုလုပ်ပေးနိုင်သောအလုပ်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**တာဝန်ကိုယ်စီကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- တာဝန်ကိုယ်စီကဗျာကိုရွတ်ဆိုပါ။

**"တာဝန်ကိုယ်စီ"**

ညီမလေးကတံမြက်လှည်း
ညီညီထင်းတွေခွဲ
ရေဆွဲတာက ကိုလေးပါ
မမဈေးသွားတာ
မေမေမှာ ထမင်းချက်
ဖေဖေ ရှုံးကိုတက်။

**မိသားစုဝင်များ၏တာဝန်များကိုဆွေးနွေးခြင်း (မိနစ် ၂၀)**

- ကဗျာတွင်ပါဝင်သူ တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို မေးမြန်းပါ။
(ဥပမာ-ညီမလေးက ဘာလုပ်သလဲ။)
- မိမိအိမ်ရှိ မိသားစုဝင်များ၏ အိမ်တွင် ပြုလုပ်သောအလုပ်များကို ပြောပါ။
(ဥပမာ-အိမ်တွင် ဖေဖေ ဘာလုပ်သလဲ။)
- မိမိကအိမ်တွင် ပြုလုပ်ပေးလိုသော အလုပ်များကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။**တစ်နေ့တာလုပ်ငန်းများကိုအစီအစဉ်တကျပြောပြတတ်ရန်။**

လုပ်ငန်းစဉ်။ ။**တစ်နေ့တာလုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိတို့ နေ့ဘက်နှင့် ညဘက်တို့တွင် ပြုလုပ်လေ့ရှိသော အလုပ်များကို ပြောရမည်ဖြစ်ကြောင်းပြော၍ စဉ်းစားချိန်ပေးပါ။
- အချိန်ပြည့်ပါက မိမိတို့ နေ့စဉ် တစ်နေ့တာလုပ်ငန်းများကို အစီစဉ်တကျ ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တာဝန်ကိုယ်စီကဗျာကို ဟန်ပန်အမူအရာဖြင့်သီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တာဝန်ကိုယ်စီ"ကဗျာကို ဟန်ပန်အမူအရာဖြင့်သီဆိုခြင်း (မိနစ် ၃၀)**

- "တာဝန်ကိုယ်စီ" ကဗျာကို သီဆိုပြပါ။
- ကလေးများအားလိုက်ဆိုပါစေ။
- ဆရာက "တာဝန်ကိုယ်စီ"ကဗျာကို ဟန်ပန်အမူအရာဖြင့် သီဆိုပြပါ။
- ကလေးများအား နှစ်သက်ရာ ဟန်ပန်အမူအရာဖြင့် သီဆိုပါစေ။